# ဗိုလ်သန်းရွှေအိန္ဒိယခရီး၊ အိန္ဒိယက ဆောင်းပါး (၂) စောင်နဲ့ ဗကပ ရဲ့ မှတ်ချက်

## (၂ - ၈ - ၂၀၁၀)

(၁) ဆောင်းပါးရေးသူတွေက Bhatia နဲ့ Roy။ ဒီနှစ်ယောက်ထဲမှာ Bhatia က ဗိုလ်သန်းရွှေ (၂၀၀၄) အောက်တိုဘာလ အိန္ဒိယပြည်သို့ ပထမဆုံး ခရီးထွက်စဉ်က ဗမာပြည်မှာ သံအမတ်လုပ်နေသူ။

၂၀၀၄ အောက်တိုဘာလဆိုတော့ ဒီပဲယင်းဖြစ်ပြီးပြီ။ ဗိုလ်ခင်ညွန့် (ဦးထင်ပေါ်) ကို အရေးယူပြီးပြီ။

တရုတ်က ဗိုလ်ခင်ညွန့်ကို အရေးယူတာကို သဘောကျချင်မှ ကျမယ်။ ဒါကြောင့် ဗိုလ်သန်းရွှေက အိန္ဒိယကို (စပြီး) လမ်းဖောက်တာပဲ။ ဗိုလ်သန်းရွှေထုံးစံက အကွက်ဖမ်းဖို့ လိုမှပဲ 'ဝပ်ကျင်း' ထဲက ထွက်လေ့ရှိတယ်။ 'ဒီပဲယင်း' မလုပ်ခင်ကလည်း ပြည်တွင်းမှာ ခရီးယာယီလှည့်တယ်။ နာဂစ်လို ကိစ္စမျိုးနဲ့တော့ သူက ဝပ်ကျင်းက မထွက်ဘူး။

အခု အိန္ဒိယပြည် ဒုတိယအခေါက် ထွက်တာကလည်း အိန္ဒိယကတဆင့် အမေရိကန်ကို သတင်းစကားပါးပေးစေချင်လို့ပဲ။ အိန္ဒိယက ပြောရင် အမေရိကန်က နားဝင်လိမ့်မယ်ဆိုတာ သူသိနေတယ်။ သန်းရွှေက စိတ်ဓာတ်စစ်ဆင်ရေးမှာ အောက်သက်ကြေခဲ့သူပဲ။ မြန်အောင်သခင်ချစ်မောင်တို့ အကွက်တွေ၊ ဆိုရှယ်လစ်စစ်ဗိုလ်ကြီးတွေရဲ့အကွက်တွေ အားလုံးကို လေ့လာခဲ့သူ ဖြစ်တယ်။

အိန္ဒိယသံအမတ်ကလည်း လက်ရှိအိန္ဒိယအစိုးရကို သတိပေးပါတယ်။ သန်းရွှေကို ရှက်တတ်သူ၊ အိန္ဒြေသပ္ပတ္တိကြီးသူလို့ မထင်လိုက်ပါနဲ့တဲ့။ သူ့ကို ခင်ဗျားရဲ့ ဗမာပြည်အနာဂတ်နဲ့ပတ်သက်တဲ့ အမြော်အမြင်ဘာလဲလို့ စပေးလိုက်ရင် ပြောပါလိမ့်မယ် စကားတွေ အမြှင်မပြတ်တဲ့။

ပြီးတော့လည်း သူက ဗုဒ္ဓကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်သူ ဖြစ်တယ်၊ ဒါပေမဲ့ နိုင်ငံရေးမှာတော့ လက်တွေ့သမားပဲတဲ့။ ဒါကြောင့် သူ့ကို ကုန်သွယ်ရေးတိုးမြှင့်ဖို့၊ စီးပွားရေးတိုးချဲ့ဖို့၊ ရောဝတီရဲ့အနောက်ဘက်ပိုင်း ဖွံ့ဖြိုးရေးလုပ်ဖို့၊ တရုတ်ကုန်စည်တွေ ဗမာပြည်ထဲ လိမ့်ဝင်နေတာကို တက်တက်ကြွကြွ ဟန့်တားဖို့လောက်ပဲပြောဖို့ အကြံပေးတယ်။

(၂) Roy ကတော့ ဘာမှန်းမသိပါ။ ဒါပေမဲ့ ဗမာပြည်အရေး လေ့လာထားသူတော့ ဖြစ်ပုံရတယ်။ အိန္ဒိယထောက်လှမ်းရေးနဲ့ ပတ်သက်ပုံရတယ်။

ဗိုလ်ခင်ညွန့်က အာသံနဲ့နာဂသူပုန်တွေနဲ့ မရှင်းမရှင်းလုပ်ခဲ့တာကို သူက ပြန်ပြီးဖော်တယ်။ ဗိုလ်ခင်ညွန့်ကလည်း တကယ်ပဲ မရှင်းမရှင်း လုပ်ခဲ့တာပါ။

Roy ကတော့ အနောက် (the West) လို့ပဲသုံးပြီး အမေရိကန်ကို အခုလို မစို့မပို့လုပ်မနေနဲ့။ 'အိန္ဒိယလမ်းကြောင်း' ကိုလိုက်ပါ။ နအဖ ကို လက်ညှိုးတငေါက်ငေါက် ထိုးမနေပါနဲ့လို့ ပြတ်ပြတ်ရေးတယ်။

ပြီးတော့လည်း နအဖ စစ်အုပ်စုက တရုတ်ရဲ့ လက်ခုပ်ထဲကနေ လွတ်ချင်လှပြီ။ ဒါကို ထင်ရှားတဲ့အချက်ပြမှုတွေ အများကြီး ပြနေတာပဲ။ အမေရိကန်ကို တံခါးဖွင့်ပေးချင်နေတာပဲလို့ ရေးတယ်။

အမေရိကန်ကလည်း စစ်အာဏာရှင်တွေနဲ့ ဆက်ဆံဖူးတာပဲ။ တိုင်းပြည်ရဲ့ ခနဉစ္စာကို အပိုင်စီးကြတယ်ဆိုတာ အဆန်းမှ မဟုတ်တာ၊ စစ်အာဏာရှင်တိုင်း လုပ်တာပဲ မဟုတ်လား၊ သန်းရွှေလည်း ဒီလိုပဲပေါ့လို့ ရေးပါတယ်။

သူက (the West) ဆိုပြီး အမေရိကန်ကို 'အိန္ဒိယရဲ့လမ်းကြောင်း' လေ့လာဖို့ရေးတာပါ။

တရုတ်ပိုက်ကွန်ထဲရောက်နေတဲ့ 'ဗမာပြည်ဆိုတဲ့ငါးကြီး' ကို အမေရိကန်၊ အိန္ဒိယ ပူးပေါင်းပြီး 'ကယ်တင်' ဖို့ အမေရိကန်ကို နားချနေတာပါ။

အိန္ဒိယအစိုးရကို သူက ဆရာမလုပ်ပါဘူး။

(၃) ဗကပ ရဲ့မှတ်ချက် -

- အင်အားကြီးနိုင်ငံတွေရဲ့ 'ပါဝါပျော့လွန်ပွဲ' တခုကို ဗမာပြည်အကြောင်းပြုပြီး ဆွဲကြတော့မယ်။
- သန်းရွှေစစ်အုပ်စုက 'လွန်ပွဲ' ကို အသုံးချပြီး '၂၀၀၈ အခြေခံဥပဒေ' ကို အေးအေးဆေးဆေး အသက်သွင်းတော့မယ်။
- မိမိတို့က ဘယ်အင်အားကြီးနိုင်ငံကိုမှ အားမကိုးပါနဲ့။ ကိုယ့်အားကိုယ်ကိုးကြရမှာပါ။ ဒါမှ အောင်ပွဲအာမခံချက် ရှိပါမယ်။

www.cpburma.org